ရက်စွဲ။ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ (၂၉) ရက်

# အစုရှယ်ယာရှင်များသို့ အသိပေးကြေညာချက်

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်၏ ဒါရိုက်တာအဖွဲ့သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အစုရှယ်ယာရှင်များအား အမြတ်ဝေစုခွဲဝေပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် အရင်းအတိုးပေးဆပ်ရန် ပျက်ကွက်သည့် ချေးငွေ (Non Performance Loan) များကို (၅%) အောက်သို့ရောက်ရှိစေရေး ရည်မှန်းချက်ချမှတ်၍ ကြပ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ၂၀၂၄ ခုနှစ်၊ မတ်လကုန်တွင် (၄.၇%) သို့ ကျဆင်းခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ရာ ၂၅-၈-၂၀၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဒါရိုက်တာအဖွဲ့အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၅-၂၀၂၆) မှ အစုရှယ်ယာရှင်များအား အမြတ်ဝေစု ခွဲဝေပေးရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။ အဆိုပါ အမြတ်ဝေစု ခွဲဝေပေးရေးကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့တင်ပြခဲ့ရာ ဗဟိုဘဏ်မှ ခွင့်ပြုချက် ရရှိပြီးဖြစ်ပါသဖြင့် အစုရှယ်ယာပိုင်ဆိုင်သည့် အစုရှယ်ယာတစ်စုလျှင် ကျပ် (၇၀) တိတိ ခွဲဝေပေးရန် ဒါရိုက်တာအဖွဲ့မှ ဆုံးဖြတ်ခဲ့ပြီး (၂၈-၉-၂၀၂၅) ရက်နေ့တွင်ကျင်းပခဲ့သော (၃၃) ကြိမ်မြောက် နှစ်ပတ်လည် အထွေထွေအစည်းအဝေးတွင် ကြေညာခဲ့ပြီးဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အစုရှယ်ယာရှင်များသို့ ခွဲဝေပေးမည့် အမြတ်ဝေစုတန်ဖိုးကို အစုရှယ်ယာရှင်များအား စနစ်တကျ ထုတ်ပေးနိုင်ရန်အတွက် (၁၃-၈-၂၀၂၅) ရက်နေ့အထိ အရောင်းအဝယ်ပြုလုပ်ခဲ့သည့်အစုရှယ်ယာရှင် တစ်ဦးချင်းစီက အစုရှယ်ယာဝယ်ယူပိုင်ဆိုင်သော အရေအတွက်အတိုင်း ရယူခွင့်ရှိမည်ဖြစ်ပါသည်။

၄။ (၃၃) ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကြီးမှ အမြတ်ဝေစုခွဲဝေပေးခြင်းအပေါ် အတည်ပြု ဆုံးဖြတ်ပြီးဖြစ်ပါသဖြင့် (၈-၁၀-၂၀၂၅) ရက်နေ့မှစ၍ MCB ဘဏ်စာရင်းတွင်ရှိသော ရှယ်ယာများကို MCB ဘဏ်မှလည်းကောင်း၊ YSX တွင် အရောင်းအဝယ် ပြုလုပ်ရန်စာရင်းဖွင့်ထားသူများအနေဖြင့် Securities ကုမ္ပဏီများဖြစ်သော MSEC Securities, KBZSC Securities, CBSC Securities, AYA Trust SC Securities, KTZRH Securities နှင့် UAB Securities ကုမ္ပဏီတို့တွင် Securities Account ဖွင့်လှစ်ထားပြီးဖြစ်သည့် အစုရှယ်ယာရှင်များအတွက်အမြတ်ဝေစုကို မိမိတို့ဖွင့်လှစ်ခဲ့သည့် Securities ကုမ္ပဏီများသို့ ထည့်သွင်းပေးမည်ဖြစ်ပါ၍ Securities ကုမ္ပဏီများနှင့် ဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာနိုင်ငံသားများဘဏ်လီမိတက်

Date: 29 September 2025

# Notification to Shareholders

1. Aiming to allocate dividend to the shareholders for 2024 – 2025 Financial Year, Board of Directors (BOD) of Myanmar Citizens Bank Limited (MCB) has been striving to set up the objective reaching below 5% of Non-Performance Loan, so it decreased to 4.7% in March 2024.
2. Therefore, BOD Meeting No. 2/2025 – 2026 held on 25 August 2025 decided to allocate dividend to shareholders. Regarding dividend allocation, the Central Bank of Myanmar (CBM) was submitted and its approval is received. The BOD has decided to allocate (70) MMK per share, and 33rd Annual General Meeting (AGM) held on 28 September 2025 has announced it.
3. Therefore, in order to systematically allocate the dividend amount to be allocated to the shareholders, each shareholder can earn the dividend as per the shares holding as of 13 August 2025 traded.
4. The 33rd Annual General Meeting (AGM) confirmed and approved the dividend allocation. Therefore, shareholders are hereby informed that dividends will be credited to the respective MCB bank accounts of shareholders holding shares directly with MCB, starting from 8 October 2025. Shareholders who hold shares through Securities Accounts with securities companies such as MSEC Securities, KBZSC Securities, CBSC Securities, AYA Trust SC Securities, KTZRH Securities, and UAB Securities for trading on the Yangon Stock Exchange (YSX) may receive their dividends through the bank accounts linked to their respective securities companies. Accordingly, shareholders are advised to contact their respective securities companies for further information.

Board of Directors
Myanmar Citizens Bank Limited